# ကွင်းကြီးကျေးရွာ
# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကွင်းကြီးကျေးရွာ၊ မိုးညှင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


**မာတိကာ** ၁

**စကားချီး** ၄

**ကွင်းကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်** ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

- (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

- (က) လူဦးရေဆိုင်ရာ အချက်အလက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေးနှင့် အာဟာရ
- (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၁

- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၆

- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၇

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၈

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၀
- (က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
- (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
- (ဂ) ဦးစားပေး စီမံချက်များ
- (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၇

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၉
- (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
- (ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
- (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
- (ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၁
- (က) ကြီးကြပ်စစ်ဆေးခြင်း
- (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
- (ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၄

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၈

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

**ကိုးကားစာရင်း** ၈၀

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၈၁

**စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ** ၈၁

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက် များပါ ဝင်သည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကွင်းကြီးကျေးရွာ

မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

# ကွင်းကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦး စားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး

ပြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကွင်းကြီးကျေးရွာသည် ကချင်ပြည်နယ်၊ မိုးညှင်းမြို့၏ တောင်ဘက်၊ နှစ်မိုင်ခန့်အကွာတွင် တည်ရှိသောပါသည်။ ဟိုပင်–မိုးညှင်း–ရွှေဘို မြို့ကြီးများနှင့် ဆက်သွယ်ထားသော ကားလမ်း နံဘေးတွင် တည်ရှိသည်။

ကျေးရွာသည် ညီညာသောမြေပြန့်တွင် တည်ရှိသည်။ ရွာနှင့်မနီးမဝေးတွင် တောတောင်များ၊ ချောင်းငယ်များရှိပြီး ရွာနဘေးတွင် လယ်မြေရှိသည်။ မိုးတွင်းအခါ တောင်ကျချောင်းငယ်ဖြစ်သော နန့်ယင်းချောင်းရေနှင့် ရေသွယ်မြောင်းငယ်များမှ စိုက်ပျိုးရေကို ရရှိသော်လည်း လယ်မြေ အများစုမှာ အောင်ရေခက်ခဲနေသေးသည်။ ၂၀၁၅ခုနှစ် မိုးရေချိန် မှတ်တမ်းအရ ဒေသ၏ တစ်နှစ်ရှာ သော ပျမ်းမျှမိုးရေချိန်မှာ (၇၀.၆၂)လက်မရှိသည်။ မိုးရွာသွန်သောရက်ပေါင်း (၁၀၉)ရက်ရှိသည်။

### (ခ) သဘာဝအရင်းအမြစ်များ

မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော လယ်မြေများရှိပြီး ယေဘူယျအားဖြင့် အထွက်နှုန်း ကောင်းသည်။ ရွာအနီးရှိ နန့်ယင်းချောင်းမှလည်း အိမ်ဆောက်သဲကြမ်းများ ထုတ်ယူနိုင်သည်။ သရက်ကုန်းဆည်ရေလွှဲမြောင်း၏ အစွန်းပိုင်းဆည်ရေရောက်ရှိရန် ခက်ခဲသည့်နေရာတွင် ရွာသားများပိုင်ဆိုင်သော လယ်မြေများရှိသည့်အတွက် စိုက်ပျိုးရေ အလုံအလောက် ရရှိရန် ခက်ခဲလျက်ရှိသည်။ ရွာနဘေးရှိ တောတောင်မှ ထင်း၊ ဝါးများကို ရရှိနိုင်သည်။ မြေအောက်ရေ အနေ အထားကောင်းမွန်သည့်အတွက် စိုက်ပျိုးရေလုပ်ကိုင်ရန် ရေတွင်းတူးဖော်နိုင်သည့် အားသာချက် များရှိသည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ရှမ်းနီလူမျိုးများ နေထိုင်သော ကွင်းကြီးရွာတွင် အိမ်ခြေ (၄၇)အိမ်ရှိပြီးစုစုပေါင်းလူဦးရေမှာ ကျား (၁၂၄)ဦး၊ မ (၁၀၁)ဦး စုစုပေါင်း (၂၂၅)ဦး တစ်အိမ်လျှင် လူဦးရေ ပျှမ်းမျှ(၅)ဦးခန့်ရှိသည်။

ကျေးရွာလူဦးရေ၏ (၆၃)ရာခိုင်နှုန်းမှာ အသက် ၁၅နှစ်မှ၆၀အတွင်း အလုပ်လုပ်နိုင်သော အရွယ်ဖြစ်သည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စပါးနှင့် ပဲပုတ်များကို စိုက်ပျိုးကြသည်။ ကုန်စည်ဒိုင်များမရှိသဖြင့် ကုန်သည်ပွဲစားများ၏ ဆိုဈေးဖြင့်သာ ရောင်းကြရ၍ တောင်သူများမှာ အမြတ်ငွေနည်းပါးစွာသာရရှိကြသည်။ မြေမဲ့ယာမဲ့ဆင်းရဲသားများမှာ ရာသီလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမြေ ထွန်ယက်ခြင်း၊ စပါးပျိုးနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ပဲပုတ်စိုက်ပျိုးခြင်း လုပ်ငန်းများတွင် ကျပန်းလုပ်ကိုင်ခြင်းဖြင့် အဓိက အသက်မွေးကြရသည်။ ၎င်းအပြင် ထင်းခုတ်ရောင်းခြင်းဖြစ်လည် ဝမ်းစာဖြည့်တင်းကြရသည်။ တောင်သူငယ်များမှာမူ ကလေးပညာရေးအတွက် စပါးစိမ်းကို ထွက်ရှိသည့်ကာလပေါက်ဈေးထက် ထက်ဝက်လျော့ကျ၍ ရောင်းကြရသည်။ တောင်သူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး သွင်းအားစုဝယ်ယူရန်စသည့်အသုံးစရိတ်အတွက် အကြွေးတင် ရှိသော ချေးငွေပမာဏမှာ ၁၀၀၀၀၀ မှ ၅၀၀၀၀၀ကျပ်ထိ ရှိသည်ကိုတွေ့ရသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအားလုံး၏ (၈၃%) သည် ဆင်းရဲသောမိသားစုများ ဖြစ်သည်။

## (ဂ) ဆင်းရဲမှု၊ ဝမ်းစာဖူလုံမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုအချို့သည် ရွှေမော်၊ ကျောက်မော်သို့ ရွှေ့ပြောင်း၍ အလုပ်လုပ်ကိုင်ကြရာ နှစ်အနည်းငယ်ရှိခဲ့သော်လည်း ဝင်ငွေရရှိမှုမှာ သေချာမှုမရှိခြင်း၊ လုံခြုံစိတ်ချရမှုမရှိခြင်း၊ ငှက်ဖျားရောဂါ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အခြားမိသားစု လူမှုပြဿနာများ ရှိနိုင်ပါ သည်။

ဝမ်းစာသိုလှောင်ထားနိုင်မှုအခြေအနေများမှာ တစ်လအောက်ဝမ်းစာ စုဆောင်းထားနိုင်သော ဆင်းရဲနှင့် အဆင်းရဲဆုံးအိမ်ထောင်စု (၆၄) ရာခိုင်နှုန်း၊ တစ်နှစ်တာ ချေးငှားခြင်းမရှိဘဲ ဖူလုံသော အိမ်ထောင်စု (၁၁)ရာခိုင်နှုန်းရှိသည်။ သုံးလမှ ငါးလအထိ ချေးငှားခြင်းရှိ ဖူလုံသော အိမ်ထောင်စု (၂၅)ရာခိုင်နှုန်းရှိပြီး ဝမ်းစာလိုအပ်ချက်များအတွက် စပါးစိမ်းရောင်းခြင်းများဖြင့် ဖြေရှင်းကြရသည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာ၏ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့် ဆိုးဝါးမှုမရှိပါ။ ငှက်ဖျားရောဂါဖြစ်ပွားမှုမှာ ယခင်က အဖြစ်များနေသော်လည်း ယခုအဖြစ်နည်းသည်ကိုတွေ့ရသည်။ အနီးဆုံးကျေးလက်ကျန်းမာရေးဌာနခွဲ ဖြစ်သည့် ကျေးရွာအုပ်စုဆေးခန်းငယ်ကို အားထားနေကြရသည်။ ဆေးခန်းတွင် ပြည်စုံ လုံလောက်သော ဆေးဝါးနှင့် ကျန်းမာရေး ဝန်ဆောင်မှုမရရှိပါ။ ကျန်းမာရေးဗဟုသုတမရှိခြင်းနှင့် ဆေးပညာကျွမ်းကျင်သူများ၏ ညွှန်းကြားချက်မရှိသော ဆေးများကို ဆိုင်တွင်ဝယ်ယူသောက်သုံးနေကြခြင်း၊ ယင်လုံအိမ်သာ အသုံးပြုမှုနည်းပါးခြင်းစသည့် အလေ့အကျင့်များရှိသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

မူလတန်းပြီးမြောက်မှုနှုန်းများ ကျေးရွာလူဦးရေ၏ (၆၀)ရာခိုင်နှုန်းရှိပြီး နိုင်ငံတော်၏ မူလတန်းပညာရေးပြီးမြောက်မှုနှုန်းထားထက် နိမ့်ကျနေသည်ကို တွေ့ရှိရသည်။ အလယ်တန်းနှင့် အထက်တန်းပြီးမြောက်မှုနှုန်းမှာ အလွန်ကျဆင်းနေသည်ကို တွေ့ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဆောင်ခနှင့် ကျူရှင်စရိတ်မြင့်မားနေခြင်းကြောင့်ဖြစ်သည်။ အတန်းပညာရှိသော်လည်း အလုပ်အကိုင်ရရန်မလွယ်ခြင်း၊ ရွှေကျင်ခြင်း၊ သစ်ထုတ်လုပ်ခြင်း၊ ကျောက်မော်သို့ ကျောက်တူးသွားခြင်းစသည့် လက်ငင်းဝင်ငွေရသော အလုပ်ကြမ်းများ ရလွယ်ခြင်းတို့ကြောင့် ပညာရေးအပေါ် အလေးအနက် မထားလိုကြခြင်းဖြစ်သည်။

## (စ) ကျား-မ ဆိုင်ရာဆက်နွယ်မှု

အမျိုးသမီးနှင့် အမျိုးသားငယ်များတွင် တန်းတူပညာသင်ခွင့်၊ လေ့လာသင်ယူခွင့်နှင့် အခြားအရပ်သို့ သွားရောက်အလုပ် လုပ်ကိုင်ခွင့်များစသည့် အခွင့်အရေးများ ရှိနေသော်လည်း ပညာတတ်မြောက်မှုအရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် လျော့နည်းနေသည်ကိုတွေ့ရှိရသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းဝင်နှုန်းတွင်လည်း အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်ပိုများသည်ကို တွေ့ရသည်။ အမျိုးသမီးများသည် အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်မှုနည်းပါးသည်ကို တွေ့ရသည်။

# ၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

## (က) ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အစဉ်အလာအရဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးနှင့် အမျိုးသားကြီးအဖွဲ့၊ အပျိုလူပျိုအဖွဲ့တို့သည် ဘာသာရေး၊ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်နေသော အဖွဲ့များဖြစ်ကြသည်။ ပြင်ပအဖွဲ့အစည်းများ လာရောက်ဖွဲ့စည်းထားသော အကျိုးဆောင်အဖွဲ့များမှာမူ ကောင်းမွန်စွာရပ်တည်နိုင်မှုမရှိသည်ကို တွေ့ရှိသည်။ ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်း စည်းရုံးဆော်ဩပေးသည့် အဖွဲ့အစည်းများ မရှိသေးပေ။

## (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

လယ်ဧက (၉၅.၅)ဧကနှင့်၊ ယာမြေ(၂၅.၅)ဧကရှိသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးရေးမှာ မိုးရာသီတွင်စပါးဖြစ်ပြီး စပါးအပြီး ဆည်ရေရရှိသော မြေများတွင် ရာသီအလိုက် ဆောင်းသီးနှံဖြစ်သည့်ပဲပုတ်စိုက်ပျိုးကြသည်ကိုတွေ့ရှိရသည်။ သီးနှံအထွက်နှုန်းကောင်းသည်။

လယ်ယာမြေများရေရရှိမှုအတွက် အဝီစိတွင်းတူးခြင်း ဆောင်ရွက်နိုင်ပါက ၎င်းလယ်ယာမြေများတွင် ဈေးကွက်ဝင်သီးနှံများနှင့် ဆီထွက်သီးနှံများကို တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။ ယင်းတန်းဖိုးမြင့်သီးနှံများကို အနည်းငယ်စမ်းသပ်စိုက်ပျိုးနေသော တောင်သူအချို့လည်းရှိသည်။ စိုက်ပျိုးရေရရှိရန် အဝီစိရေစုပ်စက်များဖြင့် ကျယ်ကျယ် ပြန့်ပြန့် သီးနှံစိုက်ပျိုး ထုတ်လုပ်ရန်အတွက် အခက်အခဲများရှိနေသည်ကိုတွေ့ရှိရသည်။

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာဖြစ်သည့် လက်တွန်းထွန်စက်ကို အိမ်ထောင်စု (၂၀) မှ ထွန်စက်အလုံး(၂၀)နှင့် အိမ်ထောင်စု(၂)စုမှာ ခြွေလှေ့စက်(၂)လုံးစီ ရှိကြသည်။ လယ်စိုက်ပျိုးရေးအတွက် ထွန်စက်နှင့်ရိတ်သိမ်းစက်များ လိုအပ်နေသေးသည်။

ဒေသအတွင်းကျွဲ၊ နွားလွတ်ကျောင်းကြသည့် အလေ့အထများရှိခြင်းကြောင့် ယာစိုက်တောင်သူများမှာ ယာမြေများကို နှစ်စဉ် ခြံစည်းရိုးကာရံနေရခြင်းစသည့် ကုန်ကျစရိတ်များသည် ဝန်ထုတ်ဝန်ပိုးဖြစ်နေရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေကို စပါးစိုက်ပျိုးရေးအတွက်သာ ရရှိသဖြင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် ဆင်းရဲသောတောင်သူများမှာ စပါးကို ထက်ဝက်ဈေးဖြင့် စပါးစိမ်းကြိုရောင်းကာ သီးနှံစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုပြုကြရသည်။ လယ်မြေငှားသောသူများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးခွင့်မရရှိသဖြင့်လည်း စပါးစိမ်းကြိုရောင်းခြင်းဖြင့် ရင်းနှီးမှုပြုကြရသည်။

ဒေသအတွင်းစပါးဈေးကွက်ရှိသော်လည်း မျိုးကောင်းမျိုးသန့်ရရှိရေးမှာ လယ်သမားများအတွက် အခက်အခဲများကြုံတွေ့နေရသဖြင့် လက်လှမ်းမှီသည့် စပါးမျိုးများကို စိုက်ပျိုး နေကြရသည်။ ဆန်ထုတ်လုပ်မှုအရည်အသွေးမြင့်မားလာစေရေးကို အထောက်အကူပြုမည့် အခြေအနေကောင်းတစ်ရပ်ဖန်တီးခြင်းဖြင့် တောင်သူများ အကျိုးခံစားမှု တိုးပွားလာနိုင်ပါသည်။

ယခုလက်ရှိတွင် စပါးနှင့် ပဲပုတ်ကို အဓိကထားစိုက်ပျိုးနေကြသည်။ တန်ဖိုးမြင့် သီးနှံ၊ ပန်း၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများကို ထုတ်လုပ်၍ ဖြန့်ချိနိုင်သော ကြီးမားသည့် ဈေးကွက်အချိတ်အဆက်များ ရှိလာစေရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

ကျွဲ၊ နွားမွေးမြူခြင်းသည် ကျေးရွာမွေးမြူရေးလုပ်ငန်းအတွက် အရေးပါသော မွေးမြူရေးလုပ်ငန်းဖြစ်သည်။ အချို့သော အိမ်ထောင်စုများမှာ ကြက်၊ ဝက် အနည်းငယ် မွေးမြူကြသည်။ လက်ရှိတွင် ကျေးရွာမိသားစုအချို့သည် မွေးမြူရေးကို အပိုဝင်ငွေရလုပ်ငန်း တစ်ခုအဖြစ်သာ လုပ်ကိုင်လျက်ရှိသည်။ မွေးမြူရေးလုပ်ကိုင်နိုင်သော အိမ်ခြံဝန်းကျယ်များရှိခြင်း၊ တိရိစ္ဆာန်သောက်သုံးရေရရှိနိုင်ခြင်း၊ ကောက်ရိုး၊မြက်၊ ကောက်ပဲ သီးနှံအပင်များရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ဆောင်ရန် အရင်းအနှီးငွေအနည်းငယ်သာ လိုအပ်မည်ဖြစ်သည်။ ကချင်ပြည်နယ်၏ သားငါး ၊ ဥ ဈေးကွက်များ၊ နို့နှင့် နို့ထွက်ပစ္စည်း ဈေးကွက်စသည့် အခြေအနေကောင်းများရှိသည်။

အဘယ်ကြောင့် ဆိုသော် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့မှ မွေးမြူရေးသွင်းကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား စသည်တို့ကို ကချင်ပြည် နယ်သို့ တင်သွင်းနေခြင်းတို့ကြောင့် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်သင့်ပါသည်။

ကျေးရွာ၏မွေးမြူရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်လာစေရန်အတွက် ကာလရှည်ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းများ၊ အစာနှင့် ဆေးသွင်းအားစုများကို လက်လှမ်းမီရန်နှင့် ဈေးကွက်ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အိမ်ထောင်စုနှစ်စုသာ အိမ်ဈေးဆိုင်နှင့် ရွာထွက် ကောက်ပဲသီးနှံများကို ဝယ်ရောင်းပွဲစားအလုပ်လုပ်ကိုင်ပြီး၊ ကျန်ကျပန်းအိမ်ထောင်စုများမှာ ရွှေမှော်၊ ကျောက်မှော်လုပ်ငန်းများ တရားမဝင်သစ်ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်ကြသည်။

ဒေသတွင်းတွင် စီးပွားရေးလုပ်ငန်းများ (ဥပမာ – စက်မှုကုန်ကြမ်းဖြစ်သည့်ရာဘာနှင့် တန်ဖိုးမြင့် သီးနှံ၊ စပါး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု)မဖွံ့ဖြိုးသည့်အတွက် ဒေသခံများမှာ စိုက်ပျိုး မွေးမြူရေးမဟုတ်သော အလုပ်အကိုင်ရရှိရန် ခက်ခဲခြင်းများရှိသည်။ ရွာသူရွာသားများသည် ပညာရေးနိမ့်ကျခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် ဝင်ငွေ လစာကောင်းသော လုပ်ငန်းများရရှိရန် မလွယ်ကူပေ။

## (ဃ)ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ရွာသားများသည် ရွာ၏ အနောက်ဘက်နှင့် အရှေ့ဘက်ရှိ တောင်ကုန်း၊ တောင်တန်းများတွင် ထင်းခုတ်၊ ဝါးခုတ်၊ သစ်ခုတ်ခြင်းများ ပြုလုပ်ကြသည်။ သစ်တောများပြုန်းတီးလာသည်နှင့် အမျှ ဆည်မြောင်းမှတဆင့် စိုက်ပျိုးရေရရှိမှုအခက်အခဲ ပြဿနာမှာလည်း ကြီးမားလာခဲ့သည်။ ယခင်က ဆည်မြောင်းရေနှင့် ချောင်းရေများမှ မိုးစပါးအပြင် ဆောင်သီးနှံစိုက်ပျိုးရေးအတွက် ရေအလုံအလောက်ရရှိခဲ့သည်။ ယခုအခါ ချောင်းရေများ တဖြည်းဖြည်းလျော့နည်းလာပြီ ဖြစ်သည်။

စိုက်ပျိုးရေးဓါတုဆေးဝါးဆိုင်ရာ အသိပညာနည်းပါးသည့်အတွက် မဆင်မခြင် သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းတို့ကြောင့် သုံးစွဲသူ၊ စားသုံးသူများအတွက် ဘေးဖြစ်စေသည့်အပြင် သဘာဝရေမြေကြာရှည်အဆိပ်သင့်စေပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကို လယ်တစ်ဧကလျှင် ၁၀၀၀၀၀ကျပ်၊ အတိုးနှုန်း တစ်နှစ်လျှင် (၅)ရာခိုင်နှုန်းဖြင့် ချေးယူရရှိနိုင်သည်။ လယ်ပိုင်ရှင်နှင့် အဖွဲ့ဝင်များသာ ဘဏ်နှင့် သမဝါယမအသင်း ချေးငွေများကို ချေးယူခွင့်ရရှိသည်။ လယ်ငှား လုပ်ကိုင်ကြသူများမှာ

မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေမရရှိပါ။ အဘယ်ကြောင့်ဆိုသော် လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)မရှိသောကြောင့် ဖြစ်သည်။

ငွေချေးသောသူများထံတွင် ချေးငွေကို အပေါင်ပစ္စည်းဖြင့် တစ်လလျှင် အတိုးနှုန်း (၆)ရာခိုင်နှုန်း၊ အပေါင်ပစ္စည်းမပါ က တစ်နှစ်လျှင်အတိုးနှုန်း (၁၂၀)တိုးဖြင့် ချေးယူကြရသည်။ အိမ်ထောင်စုအများစုသည် အဆွေမျိုးများနှင့် သူငယ်ချင်းမိတ်ဆွေများထံမှလည်း တစ်နှစ်လျှင် အတိုးနှုန်း (၆၀)တိုး (၁၂၀)တိုး တို့ဖြင့် ချေးယူကြသူများသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

အနီးဆုံးဖြစ်သော ညောင်ကုန်းကျေးလက်ကျန်းမာရေးဆေးခန်းသည် ကွင်းကြီးရွာနှင့် (၁)မိုင်ခန့်သာ ကွာဝေးသည်။ ရွာနှင့် ဆေးခန်းသို့ဆက်သွယ်ထားသောလမ်းမှာ ကောင်းမွန်သည်။ ဆေးခန်း အဆောက်အဦနှင့် ဆေးပစ္စည်းများပြည့်စုံမှုမရှိခြင်း၊ သားဖွားဆရာမတစ်ဦးတည်းနှင့် ညောင်ကုန်းအုပ်စုရှိ ရွာများကိုသွာလာနေရခြင်းတို့ကြောင့် ကျန်းမာရေးဝန်ဆောင်မှု အပြည့်အဝ မရရှိဖြစ်နေကြသည်။

ကွင်းကြီးကျေးရွာနှင့် (၂)မိုင်ကျော်အကွာတွင်ရှိသော မိုးညှင်း မြို့နယ်ဆေးရုံနှင့် လက်လှမ်းမီမှုရှိသည်။ အရေးပေါ်ကျန်းမာရေးပြဿနာနှင့် ကြုံလာပါက ဆင်းရဲသား မိသားစုများ ပို၍ ဒုက္ခရောက်ကြရသည်။

သောက်သုံးရေကို အဝီစိတွင်း(၄၃)တွင်းများမှ တစ်နှစ်ပတ်လုံးရေ ရရှိနိုင်ပါ သည်။ ရွာအိမ်ခြေ (၄၇)အိမ်တွင် ယင်လုံအိမ်သာအသုံးပြုသူ (၁၀)အိမ်နှင့်၊ တွင်းတည် အိမ်သာ(၃၇)အိမ် ရှိသည်။ စနစ်တကျ ဆောက်လုပ်ထားခြင်းမရှိပါ။

ရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည်။ ကျောင်းသားဦးရေနှင့် စာသင်ဆရာမ (၃)ဦးမှာ ပညာသင်ကြားရာတွင် ကောင်းမွန်သော ဆရာတပည့်အချိုးဖြစ်သည်။ ကျောင်းအရွယ် အစားမှာ အလျားပေ ၆၀၊ အနံပေ ၃၀နှင့် အမြင့် ၁၂ ပေရှိသည့် ကွန်ကရစ်ကြမ်းခင်း၊ သွပ်မိုး၊ ဝါးကာကျောင်းဖြစ်ပြီး ပရိဘောဂလုံလောက်ပါသည်။ အလယ်တန်းပညာရေးကို ရွာနှင့် တစ်မိုင် ခန့်ဝေးသော ညောင်ကုန်းရွာတွင် တက်ရောက်ကြပြီး၊ အထက်တန်းပညာရေးကို မိုးညှင်းနှင့် ဟိုပင်မြို့များတွင် တက်ရောက်ကြသည်။ အထက်တန်းပညာရေးသင်ကြာရန်အတွက် ငွေကုန်မခံ နိုင်၍ တက်ရောက်မှုနည်းသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များသည် ဘာသာရေး၊ လူမှုရေး သာရေး၊ နာရေးများနှင့် ရိုးရာပွဲတော်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြသူများဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးဆောင်

လုပ်သားများဖြစ်သာ ပါဝင်လုပ်ကိုင်ကြသည်။ ဖျော်ဖြေရေးအတွက် တီဗွီ၊ ဗွီဒီယိုနှင့် ရေဒီယိုလိုင်းများကို ဖမ်းယူနာဆင်းခြင်းဖြင့် အပန်းဖြေကြသည်။

နိုင်ငံရေးအခြေအနေ တည်ငြိမ်သောဒေသဖြစ်သော်လည်း ရွာနှင့်အနီးပတ်ဝန်းကျင်များတွင် လူငယ်များကို မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်လျက်ရှိသည်။

ရွာတွင် အားကစား အထောက်အကူပြုပစ္စည်းများ မရှိခြင်း၊ ရွာမြေကျဉ်းခြင်းကြောင့် ဘောလုံးကစားကွင်းပြုလုပ်မည့်နေရာမရှိပါ။ ရွာနှစ် တစ်မိုင်သာဝေးသော အုပ်စုရွာလည်ဖြစ်သည့် ညောင်ကုန်းဘောလုံးကွင်းတွင် သွားရောက်ကစားနိုင်ပါသည်။ ကျေးရွာအုပ်စုအောက်တွင်ရှိသော ကျေးရွာများ၏ လူငယ်များ စုပေါင်း၍ အားကစားလုပ်ဆောင်နိုင်ရေးနှင့် လေ့ကျင့်နိုင်ရေးတို့အတွက် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

## (ဓ) အခြေခံအဆောက်အဦ –လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကွင်းကြီးရွာသည် ဟိုပင်နှင့် မိုးညှင်းမြို့နယ် လမ်းမကြီးနဘေးတွင်တည်ရှိပြီး ရွာမှ အရှည်ပေ ၃၅ဝဝကျော်ရှိသော ကျဉ်းမြောင်းသည့်မြေသားချဉ်းကပ်လမ်းဖြင့် မိုးညှင်းကုန်သွယ်လမ်းမကြီးသို့ ဆက်သွယ်ထားသည်။ ၎င်းလမ်းသည် မိုးတွင်းကာလများတွင် မော်တော်ယာဉ်ကြီးများ သွားလာ၍ မရပါ ။ ရွာသားများမှာ လမ်းကို ထပ်မံချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းရန် ကြိုးစားလုပ်ဆောင်နေကြသည်။

အိမ်ခြေ(၄၅)အိမ်ဆိုလာမီး သုံးသည်။ ဆိုလာစနစ်သည် ပြုပြင်ထိန်သိမ်းမှုစရိတ်ကြီးသည်။ တစ်ရွာလုံး လျှပ်စစ်မီးလင်းရေးအတွက် ရပ်မိရပ်ဖနှင့် ရွာနာယကများပါဝင်သော ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းကို ငွေကျပ်သိန်း(၇ဝ)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြသည်။ (၂ဝ၁၄)ခုနှစ်တွင် ရွာမီးတိုင်များကို ရန်ပုံငွေဖြင့် စိုက်ထူနိုင်ခဲ့သည်။ မီးသွယ်တန်းရန် တစ်မိုင်၊ နှစ်မိုင်ခန့်အကွာသာ ကျန်ရှိသော်လည်း ကျေးရွာမှ ရန်ပုံငွေ မစုဆောင်းနိုင်တော့ပေ။ နိုင်ငံတော်၏ ၂ဝ၁၅ခုနှစ် ကျေးရွာလျှပ်စစ်မီးလင်းရေးအစီအစဉ်တွင် ပါရှိသည်။

ကျေးရွာတွင် တယ်လီဖုန်းဆက်သွယ်ရေးများ ကောင်းမွန်သည်။ ရွာ၌ တယ်လီဖုန်း(၆၈)လုံး၊ ရေဒီယို (၁၂)လုံးနှင့် တယ်လီဗေးရှင်း (၃၂)လုံးရှိသည်။

## (ဈ) ပြည်သူ့လုံခြုံရေး

ရွာတွင် လူမှုလုံခြုံရေးစနစ်မရှိသော်လည်း ရွာသားများတွင် တယ်လီဖုန်းဆက်သွယ်ရေးကိရိယာများရှိသောကြောင့် သတင်းအချက်အလက်များကို အချိန်မီ ရရှိနိုင်သည်။ ကျန်းမာရေး အသက်အာမခံလုပ်ငန်းများနှင့် ချိတ်ဆက်မှုမရှိကြပါ။ ရွာအနီးတွင် ယာဉ်တိုက်မှုများဖြစ်ပွားသည့်အခါ သက်ဆိုင်ရာမြို့နယ်ရဲစခန်းသို့ သွားရောက် အကူအညီရယူကြရသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

စပါးအပြီး သီးထပ်စိုက်ပျိုးရန် လယ်မြေလွတ်များစွာရှိပါသည်။ ဒုတိယတစ်ကြိမ်သီးနှံအဖြစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးပင်များ စိုက်ပျိုးထုတ်လုပ်ရန်အတွက် အခွင့်အလမ်းကောင်းများ ပင်ဖြစ်သည်။ တောင်သူငယ်များမှာ စပါးအပြီး ဝင်ငွေရသီးနှံများကို စိုက်ပျိုးလိုကြသည်။ မြေဆီလွှာအရည်အသွေး ကောင်းမွန်မှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သည့် အခြေအနေကောင်းများ ရှိသည်။

စိုက်ပျိုးရေရရှိရေးအတွက် နန့်ယင်းချောင်းရှိခြင်း၊ မြေအောက်ရေရရှိနိုင်ခြင်းနှင့် ရေသွယ်မြောင်းများ ပြုလုပ်နိုင်ခြင်းတို့ကြောင့် နှစ်သီးစားစိုက်ပျိုးရေးအတွက် အခွင့်အလမ်းကောင်းများ ဖြစ်သည်။ မြေအောက်ရေတွင်းများကိုတူးဖော်၍ တောင်သူအချို့ လုပ်ကိုင်ဆောင်ရွက်နေပြီ ဖြစ်သည်။ နန့်ယင်းချောင်းမှရေကို စုတ်တင်၍ သီးနှံစိုက်ပျိုးခြင်းကို လုပ်ကိုင်နေကြသည်။ ဆည်မြောင်းရေရရှိမှုသည့် သီးနှံထုတ်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေတိုးစေရေးအတွက် ပို၍အဓိက ကျသော အချက်ဖြစ်သည်။

ကွင်းကြီးကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အချက်အခြာကျသောနေရာတွင်ရှိခြင်း ကြောင့် ထွက်ကုန်များကို ကားလမ်း၊ ရထားလမ်းစသဖြင့် ဈေးကွက်သို့ အလွယ်တကူ တင်ပို့ နိုင်သည်။ စက်မှုကုန်ကြမ်းဖြစ်သည့် ရာဘာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်သော ဒေသ ဖြစ်သဖြင့် ကျေးရွာလူထုတိုးတက်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ရရှိနိုင်ခြေရှိသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာနှင့် မိုးညှင်း၊ ဟိုပင်မြို့များတွင် ကုန်စည်ဒိုင်များမရှိသဖြင့် တန်ဖိုးမြင့် သီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် ဈေးကွက်နှင့် အထောက်အကူပြု ဖြန့်ချိသည့်လုပ်ငန်း အချိတ်အဆက် များတွင် အခက်အခဲရှိနေခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများကိုယ်တိုင် ဖရဲ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဈေးကွက်အရောက် ရောင်းချနိုင်မှုမရှိခြင်းနှင့် ဒေသအတွင်း အမြောက်အများ ဝယ်ယူမှုမရှိခြင်း ပြဿနာများရှိသည်။

လယ်သမားများအနေနှင့် သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မြေအောက်ရေတင်ခြင်း လုပ်ငန်းနှင့် အခြားသွင်းအားစုများ၊ နွား၊ ဝက်တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ၊ အခြား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီရန် မလွယ်ကူသေးပါ။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် ကျေးရွာတစ်လုံးနှင့် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲနိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်၍ နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့သောသည်။

(၁) စိုက်ပျိုးမွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်လာရေး

(၂) စိတ်ချလုံခြုံရသော လူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသား အရင်းအမြစ် တိုးပွားလာနိုင်ရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများ တိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

### (ခ) နည်းဗျူဟာ

ကျွန်ုပ်တို့ချမှတ်ထားသော ရည်မှန်းချက်များရရှိရန် လုပ်ဆောင်ရမည့် အောက်ပါ နည်းဗျူဟာများမှာ

(၁) သီးထပ်စိုက်ပျိုးဧကတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းနှင့် အကျိုးအမြတ်များအောင် ဆောင်ရွက်ခြင်း

- ကျွန်ုပ်တို့ ကွင်းကြီးကျေးရွာနှင့် အနီးအနားကျေးရွာများမှ လယ်မြေနှင့် ယာမြေများတွင် မိုးသီးနှံ၊ ဆောင်းသီးနှံ၊ နွေသီးနှံများ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေးအတွက် အဝီစိတွင်းများ တူးဖော်ခြင်း၊ နန့်ယင်းချောင်းရေတင်ခြင်းကဲ့သို့သော အသေးစား စိုက်ပျိုးရေရရှိရေး လုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် လိုပါသည်။ ၎င်းအပြင် သီးထပ်စိုက်ပျိုးရေးအတွက် အဟန့်အတားတစ်ခုဖြစ်သော ကျွဲ၊ နွားလွှတ်ကျောင်းစနစ်မှသည် ထိန်းကျောင်းစနစ်သို့ ပြောင်းလဲရန်လည်းလိုအပ်ပါသည်။ အထက်ပါကိစ္စများ အကောင်ထည်ဖော်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ကျေးရွာနှင့် အနီးနားကျေးရွာများမှ လယ်သမားများ၊ သက်ဆိုင်ရာဌာများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားပါမည်။
- ဆင်းရဲသောအိမ်ထောင်စုများအတွက် မြေယာအသစ်ဖော်ထုတ်၍ သီးနှံသစ်တောရောနှောစိုက်ခင်းများ စိုက်ပျိုးထုတ်လုပ်လာနိုင်အောင်ဆောင်ရွက်ကြပါမည်။

(၂) မိသားစု ဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်အောင်ဆောင်ရွက်ခြင်း

- နွား၊ ဝက်၊ ကျွဲ၊ ကြက်စသည့် တိရိစ္ဆာန်များ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်လာနိုင်ရေးအတွက် အရင်းနှီးရရှိရေးအစီအစဉ်များ ဆောင်ရွက်ရပါမည်။

(၃) ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော (အထူးသဖြင့် မူးယစ်ကင်းစင်သော) ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်အောင်ဆောင်ရွက်ခြင်း

- မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာမူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာ အကူ အညီများရယူ၍ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန် ဖြစ်ပါသည်။
- လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစား၊ နှင့် အခြားသော လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ငန်းအကောင်အထည်ဖော် လုပ်ဆောင်နိုင်မည့် သတင်းအရင်းအမြစ်များနှင့် လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်သွားမည်။

(၃) ကျေးရွာ၏ လူမှုစီးပွားရေးအခြေအနေတိုးတက်မြင့်မားရေးကို ရေရှည်ဆောင်ရွက်မည့် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် စီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ခြင်း

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

ဤကျေးရွာအတွက် အရေးကြီးသောမူဝါဒဆိုင်ရာနှင့် အစီအစဉ်ကျသည့် ပံ့ပိုးမှု ပေးရန်လိုအပ်ချက်မှာ တရားဝင်မြေယာပိုင်ဆိုင်ခွင့်ရရှိရေး ဖြစ်ပါသည်။ နိုင်ငံတော်မှ မြေယာ တရားဝင်ပိုင်ဆိုင်ခွင့်ကိုပေးနေသော်လည်း၊ မသိနားမလည်ခြင်း၊ ဌာနဆိုင်ရာများထံ ဝင်ထွက်ဆက်ဆံခြင်းတို့မလုပ်ရဲသဖြင့် စိုက်ခင်းရှိသော်လည်း ဥပဒေအရမပိုင်ဆိုင်ကြခြင်းတို့ ဖြစ်နေကြ သည်။ ထိုဖြစ်စဉ်ကိုကျေးရွာအုပ်စုနှင့် မြို့နယ်အဆင့်တို့တွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်မှသာ မြေယာအမှုအခင်းများတားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ယခုစာတမ်းတွင် တင်ပြခြင်း ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များ ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

ကွင်းကြီးကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေးလုပ်ကိုင်သူများအတွက် မလုံလောက်သော ချေးငွေပမာဏဖြစ်သည့်အပြင် သတ်မှတ်ထားသောအချိန်ကာလများရှိခြင်းကြောင့် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များ ရှိနေသည်။ လယ်သမားများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံအလောက်ရရှိရန် အတိုးကြီးပေး၍ ချေးယူကာ လယ်၊ယာ လုပ်ငန်းများကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ်လက်စားများမှာ ငွေကြေးချေးယူရရှိရန်ခက်ခဲသည်။ သီးနှံနှင့်သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေးကာလရှည်ချေးငွေနှင့် လယ်၊ ယာလုပ်ငန်းချေးငွေ ဝန်ဆောင်မှုများကို ဒေသနှင့် ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန်လိုအပ်နေပါသည်။

**အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် မြေဆီသြဇာ အားကောင်းသော လယ်၊ယာမြေများ ပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်းတို့ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစု ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု

လျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များ အလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ဈေးငွေ အစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူ ပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic

classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ် သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင်အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက် သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀)ဦးမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

**ဦးစားပေးစီမံချက်များ**

| လုပ်ငန်းကဏ္ဍများ | စီမံချက်များ | ရမှတ် | ဦးစားပေး အဆင့် | စီမံချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လူငယ်နှင့် ယဉ်ကျေးမှု** | ၁။မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း | ၈၄ | ၁ | မူးယစ်ဆေးဝါးတိုက်ဖျက်ရန် ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း | |
| **လမ်းပန်းဆက်သွယ်ရေး လက်လှမ်းမီမှု** | ၂။လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | ၇၈ | ၂ | ကျေးရွာလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ကျေးလက်ဦးစီးဌာန |
| | ၁။လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | | |
| **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု** | ၃။ ဘဏ်နှင့် ငွေကြေး ဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေး ဆောင်ရွက်ခြင်း | ၇၄ | ၃ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားကော်မတီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းဖြင့် ဘဏ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတဆင့်လုပ်ဆောင်သွားနိုင်ခြင်း | ကျေးလက်ဦးစီးဌာန |

| လုပ်ငန်းကဏ္ဍများ | စီမံချက်များ | ရမှတ် | ဦးစားပေး အဆင့် | စီမံချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ဈေးကွက်လက်လှမ်းမီမှု** | ၄။မွေးမြူရေးထွက်ကုန် နှင့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက် လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၇ | ၄ | မြို့နယ်နှင့် ကျေးရွာအုပ်စုတွင် ကုန်စည်သိုလှောင်ရုံနှင့် အဝယ်ဒိုင်များ စသည့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း<br><br>ကုန်စည်ဝယ်ယူစုဆောင်းခြင်းနှင့် ရောင်းဝယ်မှုလုပ်ငန်းအခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |
| **ကျန်းမာရေး** | ၅။ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီစေခြင်း | ၆၅ | ၅ | ဆင်းရဲသောမိသားစုများအရေးပေါ်ကျန်းမာရေးပြဿနာပေါ်ပေါက်လာပါက ကူညီရန် ကျန်းမာရေး ရန်ပုံငွေ ထူထောင်ခြင်း | |
| **ပညာရေး** | ၆။ကလေးများ ပညာရေး တိုးတက်မြင့်မားလာစေခြင်း | ၆၄ | ၆ | ဆင်းရဲသောကျောင်းသူကျောင်းသားများအတွက်၊ပညာရေးကူညီပံ့ပိုးခြင်းပေးခြင်း | |
| **လျှပ်စစ်မီးလင်းရေး** | ၇။ကျေးရွာမီးလင်းအောင် ဆောင်ရွက်ခြင်း | ၆၂ | ၇ | နိုင်ငံတော်၏ ကျေးလက်မီးလင်းရေးနှင့် ကျေးရွာထည့်ဝင်မှုတို့ ပူးပေါင်းပါဝင်မှုတို့ဖြင့်ဆောင်ရွက်ခြင်း | ကျေးလက်ဦးစီးဌာန |

| လုပ်ငန်းကဏ္ဍများ | စီမံချက်များ | ရမှတ် | ဦးစားပေးအဆင့် | စီမံချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေး** | ၈။ စိုက်ပျိုးမြေတိုးချဲ့ခြင်း<br>၉။ ဆည်မြောင်းရေရရှိနိုင်ရန် ဆောင်ရွက်ရွက်ခြင်း<br>၁၀။ကျွဲ၊ နွားစားကျက်မြေရရှိရေး အတွက်ပူးပေါင်း ဆောင်ရွက်ခြင်း<br>၁၁။နည်းပညာအသုံးပြု၍ စိုက်ပျိုးခြင်း | ၄၇ | ၈ | လယ်ယာသစ်တောစိုက်ပျိုးနိုင်ရန် မြေတိုးချဲ့ခြင်း<br>အဝီစိစက်ရေတွင်း၊ ရေစုပ်စက်နှင့် ရေလွှဲမြောင်းများ ပြုလုပ်ခြင်း<br>ဒေသအတွင်းရှိ ကျွဲ၊နွားများကို ထိန်းကျောင်းမည့် စားကျက်မြေ နေရာအစီအစဉ်များပြုလုပ်ခြင်း<br>မြေပြုပြင်ခြင်း၊ ပိုးမွှားရောဂါများ ထိန်းချုပ်ကာကွယ်ခြင်း၊ မျိုးကောင်းမျိုးသန့်များရွေးချယ်ခြင်း | ကျေးလက်ဦးစီးဌာန |
| **မွေးမြူရေး** | ၁၂။နွား၊ဝက်မွေးမြူရေးကို နည်းပညာများထည့်သွင်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် ပြုလုပ်ခြင်း | ၄၆ | ၉ | မွေးမြူရေးဆိုင်ရာကျွမ်းကျင်မှုနှင့်အသိပညာ ဗဟုသုတများ တိုးပွားလာစေခြင်း<br>နွား၊ ကြက်၊ ဝက် ကာကွယ်ဆေးထိုးခြင်းနှင့် ကျွဲ၊နွား စားကျက်မြေ ရရှိရေး | ကျေးလက်ဦးစီးဌာန |

| လုပ်ငန်းကဏ္ဍများ | စီမံချက်များ | ရမှတ် | ဦးစားပေးအဆင့် | စီမံချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ** | ၁၃။အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | ၄၂ | ၁၀ | စပါး၊ ပဲအမျိုးမျိုးနှင့် တန်ဖိုးမြင့်သီးနှံဟင်းသီးဟင်းရွက်များကိုအခြေခံသော ကုန်သွယ်မှုဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားရန်လိုအပ်ခြင်း | ကျေးလက်ဦးစီးဌာန |
| **အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှု** | ၁၄။ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းစနစ်များ တိုးတက်အောင် ဆောင်ရွက်ရန် | ၂၉ | ၁၁ | ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့နှင့်အလုပ်အမှုဆောင်အဖွဲ့များ၏စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်တင်ခြင်း | ကျေးလက်ဦးစီးဌာန |

## (ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း | ဦးစားပေး အဆင့် | ကာလ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | |
| ၁ | မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း | ၁ | ✔ | ✔ | ✔ | ✔ | ✔ | |
| ၂ | လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၂ | ✔ | ✔ | | | | |
| ၃ | ဘဏ္ဍာနှင့် ငွေကြေး ဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေးဆောင်ရွက်ခြင်း | ၃ | ✔ | ✔ | ✔ | ✔ | ✔ | |
| ၄ | မွေးမြူရေးထွက်ကုန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်လက်လှမ်းမီ အောင်ဆောင်ရွက်ခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ | |
| ၅ | ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီစေခြင်း | ၅ | | ✔ | | | | |
| ၆ | ပညာရေး အဆောက်အဦများ တိုးတက်မြင့်မားလာစေရေး | ၆ | ✔ | ✔ | ✔ | ✔ | ✔ | |
| ၇ | ကျေးရွာမီးလင်းအောင် ဆောင်ရွက်ခြင်း | ၇ | ✔ | ✔ | | | | |
| ၈ | စိုက်ပျိုးမြေတိုးချဲ့ခြင်း | ၈ | ✔ | ✔ | ✔ | ✔ | | |
| | ဆည်မြောင်းရေရရှိနိုင်ရန် ဆောင်ရွက်ခြင်း | | ✔ | ✔ | ✔ | | | |

| စဉ် | စီမံကိန်း | ဦးစားပေး အဆင့် | ကာလ | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | |
| | ကျွဲ၊ နွားစားကျက်မြေရရှိရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း | | ✔ | ✔ | | | | |
| | နည်းပညာအသုံးပြု၍ စိုက်ပျိုးခြင်း | | ✔ | ✔ | ✔ | ✔ | ✔ | |
| ၉ | နွား၊ဝက်မွေးမြူရေးကို နည်း ပညာများထည့်သွင်း၍စီးပွား ဖြစ်ထုတ်လုပ်နိုင်အောင် ပြုလုပ်ခြင်း | ၉ | ✔ | ✔ | ✔ | ✔ | ✔ | |
| ၁၀ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | ၁၀ | ✔ | ✔ | ✔ | ✔ | ✔ | |
| ၁၁ | ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းစနစ်များတိုး တက်အောင်ဆောင်ရွက်ရန် | ၁၁ | ✔ | ✔ | ✔ | ✔ | ✔ | |

## ၉။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗျူဟာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာ ဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီ အစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်း ပါဝင်သောအချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း | | ✔ | | | |
| ၂ | လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၃ | ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေးဆောင်ရွက်ခြင်း | | | | ✔ | |
| ၄ | မွေးမြူရေးထွက်ကုန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | | | | ✔ | |
| ၅ | ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီစေခြင်း | | | ✔ | | |
| ၆ | ပညာရေး အဆောက်အဦများတိုးတက်မြင့်မားလာစေရေး | | | ✔ | | |
| ၇ | ကျေးရွာမီးလင်းအောင်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၈ | စိုက်ပျိုးမြေတိုးချဲ့ခြင်း | | | ✔ | | |
| | ဆည်မြောင်းရေရရှိနိုင်ရန်ဆောင်ရွက်ခြင်း | | | ✔ | ✔ | |
| | ကျွဲ၊ နွားစားကျက်မြေရရှိ ရေးအတွက်ပူးပေါင်း ဆောင်ရွက်ခြင်း | | ✔ | | | |
| | နည်းပညာအသုံးပြု၍ စိုက်ပျိုးခြင်း | | | | ✔ | |

| စဉ် | စီမံကိန်း | ရံပုံငွေ (ကျပ်) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမာန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၉ | နွား၊ဝက်မွေးမြူရေးကို နည်းပညာများထည့်သွင်း၍စီးပွားဖြစ်ထုတ်လုပ်နိုင်အောင်ပြုလုပ်ခြင်း | | ✔ | | ✔ | |
| ၁၀ | အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း | | | ✔ | ✔ | |
| ၁၁ | ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းစနစ်များတိုးတက်အောင်ဆောင်ရွက်ရန် | | | | ✔ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့မှ ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု

အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများမှ စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့မှ မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

**(ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိ ပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

### (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## စီမံကိန်းဇယားများ

### ၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေဇယားများ

### ၁.၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁)ကွင်းကြီးကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၂ | ၂ | ၄ | ၂ | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၁ | ၈ | ၁၉ | ၈ | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၉ | ၁၀ | ၁၉ | ၈ | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၁၇ | ၁၀ | ၂၇ | ၁၂ | အလယ်တန်းကျောင်းသားအရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၇၈ | ၆၃ | ၁၄၁ | ၆၃ | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၇ | ၈ | ၁၅ | ၇ | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | ၁၂၄ | ၁၀၁ | ၂၂၅ | ၁၀၀ | |
| အိမ်ထောင်စုပေါင်း = ၄၇ | | | | | တစ်အိမ်လျှင်ပျမ်းမျှ လူဦးရေ = ၄.၇ |

ရည်ညွှန်း .. ဆယ်အိမ်မှူးများတစ်အိမ်တက်ဆင်းကောက်ယူသော သတင်းအချက်အလက်များ ဖြစ်ပါသည်။( ၁၉-၂၁ ရက်၊ ဩဂုတ်လ၊၂၀၁၅ခုနှစ်)

ရှမ်းနီ တိုင်းရင်းသားလူမျိုးများနေထိုင်ကြသော ကွင်းကြီးကျေးရွာတွင် အိမ်ခြေ (၄၇)အိမ်ရှိပြီး တစ်အိမ်လျှင် လူဦးရေ(၅)ဦးရှိသည်။ မှီခိုသူလူဦးရေ (၃၇)ရာခိုင်နှုန်း ရှိသည်။ အလုပ်လုပ်နိုင်သောလူဦးရေ (၆၃) ရာခိုင်နှုန်း ရှိသည်။

### ၁.၂။ လုပ်သားအင်အား

ဇယား (၂) ကွင်းကြီးကျေးရွာ၏ လုပ်သားအင်အား

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | တွဲဖက်အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| ၁ | *စိုက်ပျိုးရေးလုပ်ငန်း(သီးနှံ ထုတ်လုပ်ရေး)* | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၁၄ | ၃၀% | | လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သော မိသားစုများဖြစ်သည် |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၃ | ၇၀% | | နေ့စား အလုပ်ကြမ်း လုပ်သောသူများနှင့် လယ်ငှားလုပ်ကိုင်သူ |
| | • မိသားစုဝင်လုပ်အား | | | | |
| ၂ | ***တိရိစ္ဆာန် မွေးမြူရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | ၄၂ | (မြင်း၊ ကျွဲ၊ ဝက် ၊ ကြက်၊ နွား ) များကို တပိုင် တနိုင် |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၅ | **ကုန်ထုတ်လုပ်ငန်း** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင်လုပ်အား | | | | |
| ၉ | • ***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*** | | | | |
| | • ကိုယ်ပိုင် လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင် လုပ်အား | | | | |
| ၁၀ | • ***လက်လီ-လက်ကား ရောင်းဝယ်ရေး*** | | | | |
| | • ကိုယ်ပိုင် လုပ်ငန်း | | | ၁ | အိမ်ဈေးဆိုင် စပါး၊ မြေသြဇာများ ကိုကြားခံပွဲစားပြု လုပ်၍ ရောင်းဝယ်ခြင်း |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | ၁ | |
| | • မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အမိကလုပ်ငန်း | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အမိကလုပ်ငန်း | % | | |
| ၁၁ | • ***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** | | | | |
| | • ကိုယ်ပိုင် လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင် လုပ်အား | | | | |
| ၁၂ | • ***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** | | | | |
| | • ကိုယ်ပိုင် လုပ်ငန်း | | | ၁၃ | ထော်လာဂျီများဖြင့် သီးနှံနှင့် ကျေးရွာထွက်ကုန်များကိုသယ်ယူ ပို့ဆောင်ခြင်း |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင် လုပ်အား | | | | |
| ၁၃ | • ***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** | | | | |
| | • ကိုယ်ပိုင် လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင် လုပ်အား | | | | |
| ၁၄ | • ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | |
| | • ကိုယ်ပိုင် လုပ်ငန်း | | | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | • မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| ၁၅ | • **ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ(အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**<br>• ကိုယ်ပိုင် လုပ်ငန်း<br>• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား<br>• မိသားစုဝင် လုပ်အား | | | | |
| ၁၆ | • ***ပညာရေး***<br>• ကိုယ်ပိုင် လုပ်ငန်း<br>• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား<br>• မိသားစုဝင် လုပ်အား | | | | |
| ၁၇ | • ***ကျန်းမာရေး***<br>• ကိုယ်ပိုင် လုပ်ငန်း<br>• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား<br>• မိသားစုဝင် လုပ်အား | | | | |
| ၁၈ | • ***လူမှုရေး လုပ်ငန်းများ***<br>• ကိုယ်ပိုင် လုပ်ငန်း<br>• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား<br>• မိသားစုဝင် လုပ်အား | | | | |
| ၁၉ | • **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ)**<br>• ကိုယ်ပိုင် လုပ်ငန်း<br>• အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား<br>• မိသားစုဝင် လုပ်အား | | | | |
| ၂၀ | • **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**<br>• ကိုယ်ပိုင် လုပ်ငန်း | | | | |

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိကလုပ်ငန်း | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အဓိကလုပ်ငန်း | % | | |
| | • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား<br>• မိသားစုဝင် လုပ်အား | | | | |
| | • စုစုပေါင်း | ၄၇ | ၁၀၀ % | | |

ရည်ညွှန်း .. .. ဆယ်အိမ်မှူးများတစ်အိမ်တက်ဆင်းကောက်ယူသော သတင်းအချက်အလက်များ ဖြစ်ပါသည်။( ၁၉-၂၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅နှစ်)

မှတ်ချက်။ ကွင်းကြီးကျေးရွာရှိ ကျေးရွာသူ/သားများသည် သီးနှံစိုက်ပျိုးရိတ်သိမ်းပြီးသော ပွင့်လင်းရာသီတွင် ရွှေမော်၊ကျောက်မော်သို့ သွားရောက်လုပ်ကိုင်ကြပါသည်။ လက်လုပ် လက်စား ကျပန်းများနှင့် တောင်သူငယ်များမှာ ထင်းခုတ်၊ ဝါးခုတ်ရောင်းခြင်းဖြင့် လယ်ယာလုပ်ငန်း အပြီး တွင်လုပ်ကိုင်ကြသည်။

### ၁.၃ သဘာဝအရင်းအမြစ်များ

### ၁.၃.၁ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃)ကွင်းကြီးကျေးရွာ၏စိုက်ပျိုးမြေဧရိယာ ( မြေအသုံးချမှု)

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေ ရာ/ရေပေးနိုင် သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၉၅.၅၀ | ကောင်း | မရ | |
| ယာမြေ | ၂၅.၅၀ | ကောင်း | မရ | |
| စုစုပေါင်း | ၁၂၁ | | | |

ရည်ညွှန်း ..ဆယ်အိမ်မှူးများတစ်အိမ်တက်ဆင်းကောက်ယူသော သတင်းအချက်အလက်များ ဖြစ်ပါသည်။( ၁၉ -၂၁ ရက်၊ ဩဂုတ်လ၊ ၂၀၁၅နှစ်)

**မှတ်ချက်**။ ။ကျေးရွာအနီးတွင် သီးနှံစပါးစိုက်ပျိုးရန်ကောင်းမွန်သော ပလပ်မြေ(၂၂၅)ဧက ခန့် ရှိသည်။ သစ်တောမြေကို FFI (အပြည်ပြည်ဆိုင်ရာအပင်နှင့် တောရိုင်း တိရိစ္ဆာန် ထိန်းသိမ်းရေး အဖွဲ့)၏ ငွေကြေး၊ နည်းပညာ အကူအညီဖြင့် အစုအဖွဲ့ပိုင်သစ်တော ပြုလုပ်ရန် ကြိုးပမ်း ဆောင်ရွက် လျက်ရှိပါသည်။ ရွာသားများမှာ ၎င်းသစ်တောမြေတွင် လယ်ယာ သစ်တော လုပ်ကိုင်ခွင့်ရရှိရန်

ခွင့်ပြုချက် လိုအပ်နေသည်။ နည်းပညာအကူအညီများ၊ သက်ဆိုင်ရာဌာနများမှ ခွင့်ပြုချက်များနှင့် အုပ်ချုပ်ရေး ဌာနများသို့ တင်ပြရမည့် လုပ်ဆောင်ချက်အဆင့်များအတွက် ရွာသားများမှာ အကူအညီများလိုအပ်နေပါသည်။ ကွင်းကြီးရွာတွင် နိုင်ငံတော်မှတည်ဆောက်ထားသောဆည်မြောင်း ရှိသော်လည်း မိုးကာလတွင်သာ စိုက်ပျိုးရေရရှိသည်။

### ၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား( ၄ )  ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)** |
|---|---|---|
| သဲ | သင့် | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တောရိုင်းတိရိစ္ဆာန်မျိုးစိတ်များ | နည်း | ခက်ခဲ |
| အပင်မျိုးစိတ်များ (ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

သဘာဝအရင်းအမြစ် ( သဲ )ကို ကျေးရွာအနီးရှိ ချောင်းငယ်တွင် အလွယ်တကူရရှိနိုင်သည်။ သဲများကို မိုးညှင်းမြို့မှ လာရောက်ထုတ်ယူ၍ ဒေသအတွင်း ရောင်းချကြသည်။ ရွာသားများသည် ရွာနှင့် (၃)မိုင် (၄)မိုင် ကွာဝေးသော တောသို့ သွားရောက်၍ သစ်ခုတ် ဝါးခုတ်ရောင်းချကြသည်။

### ၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅)ဥစ္စာဓနအဆင့်အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | မြေဧက ( ၉ ) ဧကအထက် | မြေဧက( ၅ဧကမှ ၉ဧကအထိ) | လယ်ဧက ၅ ဧကအောက် | နေ့စား ကျပန်း လုပ်ကိုင်သူမိသားစု |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| အိမ်အခြေအနေ | သွပ်မိုး၊ပျဉ်ထောင် ပျဉ်ခင်း၊ | သွပ်မိုး၊ပျဉ်ထောင် ပျဉ်ခင်း | သစ်သားတိုင်၊ ကြမ်းခင်း၊ ထရံကာ | ဝါးအိမ်၊ကြမ်းခင်း၊ ဝါးတိုင် |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန် စက်ရှိ၊ထော်လာဂျီ၊ရေစုပ်စက်၊ နွားနှစ်ကောင်ရှိ | လက်တွန်းထွန် စက်ရှိ၊ထော်လာဂျီ၊ ရေစုပ်စက်၊နွားနှစ် ကောင်ရှိ | နွားနှစ်ကောင်ရှိ | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ် | ဆိုင်ကယ် | | |
| အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ | လယ် | လယ် | လယ် | ကျပန်းနှင့် တနိုင် တပိုင် ဝက်၁/၂ ကောင်မွေး |
| **စုစုပေါင်း အိမ်ထောင်စု** | ၃ (၆%) | ၅(၁၁%) | ၆ (၁၃%) | ၃၃ (၇၀%) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ။ ကျေးရွာတွင်ဆင်းရဲသောအိမ်ထောင်စု ရာခိုင်နှုန်း(၈၃)ရာခိုင်နှုန်းနှင့် အလယ်အလတ်နှင့် အဆင်ပြေသော အိမ်ထောင်စု (၁၇)ရာခိုင်နှုန်းရှိသည်။ အဆင်ပြေသော အိမ်ထောင်စု၏ လယ်မြေပိုင်ဆိုင်မှုသည် အနည်းဆုံး(၉)ဧက ဖြစ်သည်။ ကျပန်း၊ လယ်ငှား၊ မြေမဲ့ယာမဲ့စသည့် အိမ်ထောင်စုများမှာ ဆင်းရဲသောသူများဖြစ်သည်။

## ၁.၅ ထိခိုက်လွယ်မှု

### ၁.၅.၁ ဝမ်းစာဖူလုံမှု

ဆင်းရဲနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စု (၃၉)မှ အိမ်ထောင်စု(၁၈) အိမ်ထောင်စုအား ဝမ်းစာဖူလုံမှုနှင့်ပတ်သက်သော စစ်တမ်းကောက်ယူချက်များမှရရှိသော သုံးသပ်ချက်များကို အောက်တွင် ဖော်ပြထားသည်။

ဇယား (၆ ) ဝမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၆ | ၃၃ | ငွေချေးသူများထံနှင့်ဆွေမျိုးများထံတွင် ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်းဖြင့်လည်း ဖြေရှင်းပါသည်။ |
| ၃ လနှင့် ၅ လအထိ | ၃ | ၁၇ | ငွေချေးသူများထံနှင့်ဆွေမျိုးများထံတွင်ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်း၍လည်း ဖြေရှင်းပါသည်။ |
| ၆လမှ၁၂လအထိ | ၉ | ၅၀ | ငွေချေးသူများထံနှင့်ဆွေမျိုးများထံတွင်ချေးယူစားသုံးကြပါသည်။ စပါးစိမ်းကိုကြိုတင်ရောင်းခြင်းဖြင့်လည်း ဖြေရှင်းပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးလက်ဝန်ထမ်းများကိုယ်တိုင် တစ်အိမ်ထောင်ချင်း အလိုက်မေးမြန်းခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

## ၁.၅.၂ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု

ဇယား (၇ ) ကူညီစောင့်ရှောက်မှုအထိုးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့်အထက် | မိသားစုစောင့်ရှောက်မှုမရှိ | - | ၁ | ၁ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ | – | – | – |
| | | | အိမ်ထောင်စု အရေအတွက် | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၁ | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၁ | |

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရေ ာက် နေထိုင်လုပ်ကိုင်နေသူ | | | - |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

## ၁.၅.၃ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ထိခိုက်လွယ်မှုအမျိုးအစားများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | လတ် | ဆင်းရဲသောမိသားစုများတွင် အလုပ်အကိုင်အခွင့်အလမ်း ကျယ်ကျယ်ပြန့်ပြန့်မရှိပေ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု( မြေ၊စိုက်ပျိုးရေ...) | နိမ့် | သီးနှံစိုက်ပျိုးရန်အတွက် မြေအောက်ရေ၊ မိုးရေများရရှိနိုင်ခြင်း |
| ၃ | ရေကြီးခြင်း | နိမ့် | မြစ်ကြီးများနှင့်ဝေးကွာခြင်းများကြောင့် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိ |
| ၅ | ငှက်ဖျားရောဂါ | နိမ့် | ငှက်ဖျားရောဂါ ဖြစ်ပွားမှု အလွန်ရှားပါးပါသည်။ |
| ၆ | တီဘီရောဂါ | နိမ့် | မရှိပါ။ |
| ၇ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | လူငယ်များ မူးယစ်ဆေးသုံးခြင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ |
| ၈ | မူးယစ်ဆေး | မြင့် | မူးယစ်ဆေးအလွယ်တကူဝယ်နိုင်ခြင်း။ |
| ၉ | ဒေသတွင်းပဋိပက္ခ | နိမ့် | မရှိ |
| ၁၀ | လျှော်ငင် | နိမ့် | အတွေ့အကြုံမရှိ |
| ၁၁ | မီးဘေး | နိမ့် | နွေရာသီတွင် အနည်းငယ်စိုးရိမ်ရသည် |
| ၁၂ | မြေဆီလွှာပျက်ယွင်းမှု | နိမ့် | သတိမပြုမိ။ မသိ။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၃ | သစ်တောပြုန်းတီးခြင်း | မြင့် | ထင်းခုတ်ခြင်း၊ သစ်ခုတ်ခြင်းတို့သည် ဒေသအတွင်း သစ်တောပြုန်းတီးမှုကို ဖြစ်ပေါ်စေသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ သစ်တောပြုန်းတီးခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများထိခိုက်စေပြီး အထွေထွေဆင်းရဲ ကြပ်တည်းမှုကို ဖြစ်စေပါသည်။ မူးယစ်ဆေးကြောင့် ကျန်းမာရေး၊ လူမှုရေးစသည်တို့ ဆိုးရွားစွာထိခိုက်စေပြီး မှုခင်းများတိုးပွားစေပါသည်။

### ၁.၅.၄ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား ( ၉ ) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | ထိခိုက်လွယ်သည့်အုပ်စု | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးဝါးခြိမ်းခြောက်မှုရှိခြင်း |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ဘဝလုံခြုံမှုမရှိခြင်း၊ ဂမ်းစာမဖူလုံမှု မရှိခြင်း |
| ၃ | ဆင်းရဲသားတောင်သူ | လတ် | စပါးကို ထက်ဝက်လျှော့ဈေးဖြင့် ကြိုတင်ရောင်း၍ အရင်းအနှီး ပြုရခြင်း |
| ၄ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | စားဝတ်နေရေးအတွက် ပုံမှန် ဝင်ငွေရလုပ်ငန်း မရှိခြင်း |
| ၅ | ရွှေ့ပြောင်းလုပ်သား | မြင့် | ရွှေမှော်၊ကျောက်မှော်သို့လုပ်ကိုင်သူ များမှာ အသက်လုံခြုံရေး အတွက်စိုးရိမ်ရသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

မြေမြှုပ်မိုင်းရှိသော အရပ်ဒေသသို့ သွားရောက်လုပ်ကိုင်ကြသည့်အတွက် အသက်အန္တရာယ်ကို စိုးရိမ်ရသည်။

## ၂။ ကျေးလက်မိသားစုများ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေပြဇယားများ
### ၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ
### ၂.၁.၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀ ) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၇ | | ၇ | ဘာသာရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခြင်း | ၄ | ၇ |
| ၂ | အပျိုလူပျိုအဖွဲ့ | ၃ | ၃၄ | ၁၁ | ၄၅ | သာရေးနာရေး တွင်ပါဝင် ဆောင်ရွက်ခြင်း | ၄ | ၇ |
| ၃ | အမျိုးသမီးကြီး အမျိုးသားကြီး များ အဖွဲ့ | ၃ | ၇ | | ၇ | သာရေးနာရေး တွင်ပါဝင် ဆောင်ရွက်ခြင်း | ၄ | ၇ |
| ၄ | မိခင်နှင့်ကလေး | ၂ | | ၅ | ၅ | မိခင်နှင့်ကလေး ကာကွယ်စောင့် ရှောက်ခြင်း | ၅ | ၈ |
| ၅ | စိမ်းလန်းစိုပြေ ရေးအဖွဲ့ | ၂ | ၇ | | ၇ | သစ်တောထိန်း သိမ်းခြင်း၊ စိုက်ပျိုးခြင်း။ | ၅ | ၈ |
| ၆ | သုခငွေစုငွေချေး လုပ်ငန်း | ၁ | | ၅ | ၅ | ငွေစုငွေချေးလုပ်ငန်း ဆောင်ရွက်ခြင်း | ၅ | ၇ |
| ၇ | မိဘဆရာ အသင်း | ၂ | ၇ | | ၇ | ပညာရေးတွင် ပူးပေါင်းဆောင် ရွက် | ၅ | ၇ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ။ ကျေးရွာတွင် အစဉ်အလာအရဖွဲ့စည်းထားသော ဘာသာရေး၊ လူမှုရေးအဖွဲ့သုံးဖွဲ့သည် အားကောင်းသော အဖွဲ့များဖြစ်ကြသည်။ ပြင်ပမှ လာရောက်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ တတ်ကြွစွာလုပ်ကိုင်မှု အားနည်းသည်ကို တွေ့ရှိရသည်။ ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မည့် အဖွဲ့အစည်းများမရှိပါ။

**မှတ်ချက်။ ။အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## ၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| | မရှိ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**၂.၂စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊**

**၂.၂.၁ စိုက်ပျိုးရေးသီးနှံ**

**၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှု အရွယ်အစား** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်** |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၃ | ၇၀ | စိုက်ပျိုးမြေမပိုင်ဆိုင်ပါ |
| ၂ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | - | – | – |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ) | ၅ | ၁၁ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား( ၅ဟတ်တာထိ) | ၆ | ၁၃ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်) | ၃ | ၆ | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | ၄၇ | ၁၀၀ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ။ ကွင်းကြီးကျေးရွာသည် မြေမဲ့ယာမဲ့များ၍ ကျပန်းလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ မြေမဲ့ယာမဲ့အချို့မှာ တောင်သူကြီးများထံမှ လယ်ငှါး၍ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

### ၂.၂.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | သရက်ကုန်းဆည် | အစိုးရ | ၉၅.၅၀ | (မိုးရာသီ) |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ ဩဂုတ်လ၊ ၂၀၁၅နှစ်)

မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာရှိ သရက်ကုန်းဆည်သည် ကွင်းကြီးရွာနှင့် ၅ မိုင် အကွာတွင် တည်ရှိပါသည်။ မိုးတွင်းမှသာ ဆည်ရေရောက်ရှိသောကြောင့်သီးနှံများကို (၁) သီးစားသာ စိုက်ပျိုးနိုင်ပါသည်။ အချို့လယ်သမားများမှာ နန့်ယင်းချောင်းရေကို ရေစုပ်စက်ဖြင့်တင်ခြင်း၊ အဝီစိတွင်းတူး၍ စိုက်ပျိုးရေရရယူခြင်းတို့ဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေကြသည်။

### ၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံ စိုက်ပျိုးသည့် ကာလ | သွင်းအားစုလိုအပ်ချက် (နိမ့်/ လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| စပါး | ၉၅.၅၀ | တင်း | ၈၀ | ၁၂၀ | ၁၀၀ | ၄လ | မြင့် | လတ် | |
| ပဲပုတ် | ၄၀ | တင်း | ၁၅ | ၂၅ | ၂၀ | ၃ လ | နိမ့် | လတ် | လယ်မြေတွင် စိုက်ကြခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ။စပါးအပြီးတွင် ပဲပုတ်ကို သီးထပ်အဖြင့် စိုက်ပျိုးကြသည်။ စိုက်ပျိုးရေကို တစ်နှစ်ပတ်လုံးရရှိပါက ဈေးကွက်ဝင်ဆောင်သီးနှံများကို တိုးချဲ့စိုက်ပျိုးရန် ရည်ရွယ်ထားကြသည်။

### ၂.၂.၁.၄ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | | | |
| ရိတ်သိမ်းစက် | | | |
| လက်တွန်းထွန်စက် | ၂၀ | | ထွန်စက်ငှားခ (၁)ဧကလျှင်၁၅၀၀၀/- ကျပ် ရရှိသည်။ |
| ခြွေလှေ့စက် | ၂ | | စက်ငှားခ စပါး(၁၀၀)လျှင် (၂)တင်း ရရှိသည်။ |
| ရေစုပ်စက် | ၇ | | စိုက်ပျိုးရေ ရရှိရန်အတွက်သုံးသည်။ |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၉–၂၁ရက်၊ဩဂုတ်လ၊၂၀၁၅ခုနှစ်)

စိုက်ပျိုးရေးလုပ်ငန်းသုံးထွန်စက်၊ ရိတ်သိမ်းစက် စက်ကိရိယာများကို ကျေးရွာ၌ပင် ငှားသုံးနိုင်ပါသည်။

### ၂.၂.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | ရှိ | သစ်တောကြိုးဝိုင်းအတွင်းရှိ မြေလွတ်များ၊ တောပျက်များတွင် သီးနှံ သစ်တော ရောနှောစိုက်ခင်းအဖြစ် လုပ်ကိုင်ခွင့်ရရန် သစ်တောဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။ |
| ရေအရင်းအမြစ် | ရှိ | သုံးသီးစားစိုက်ပျိုးနိုင်သော မြေအောက်ရေရှိသည်။ |
| ဩဂဲနစ်ပိုးသတ်ဆေး | မရှိ | လယ်သမားများ သုံးစွဲသည့်အလေ့မရှိ၊ |
| ဈေးငွေရရှိမှု | ရှိ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမအသင်းတို့ ၏ဈေးငွေ ရရှိသော်လည်း လုံလောက်မှုမရှိခြင်း |
| သွင်းအားစုဈေးကွက် | ရှိ | မိုးညှင်းမြို့တွင်လယ်ယာစိုက်ပျိုးရန်အတွက် လိုအပ်သောမြေဩဇာ ပိုးသတ်ဆေး၊များရရှိနိုင်ခြင်း |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဝန်ဆောင်မှုဈေးကွက် | ရှိ | စပါးကြိတ်ခွဲရန် ဆန်စက်များနှင့် ရောင်းချရန် စပါးပွဲစားများသို့ လွယ်ကူစွာ လက်လှမ်းမီခြင်း |
| ဈေးကွက်နှင့်ကုန်သွယ်မှု | မရှိ | ခိုင်မာကျယ်ပြန့်သော ဈေးကွက် ဝန်ဆောင်မှုများ လိုအပ်နေသေးခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ

ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ။ ကွင်းကြီးကျေးရွာတွင် ဆည်မြောင်းရေဖြစ် နှစ်သီးစား စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သော လယ်မြေများသည် စပါးအပြီးတွင်ဆက်လက်စိုက်ပျိုးနိုင်သော မြေလွတ်များစွာရှိသည်။ မိုးညှင်းမြို့၊ မိုးကောင်းမြို့များနှင့် နီးကပ်လျက်ရှိသည်။ အချို့လယ်သမားများမှာ မြေအောက်ရေဖြင့် စပါးနှင့် ပဲပုတ်ကို စမ်းသပ် စိုက်ပျိုးနေကြသည်။

## ၂.၂.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | မြေယာပိုင်ဆိုင်ခွင့်ရရှိရေး အငြင်းပွားမှု ဖြေရှင်းရန် ရှိပါသည်။ |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | စိုက်ဘဏ်ချေးငွေ နောက်ကျခြင်း၊ မလုံလောက်ခြင်း၊ ချေးငွေကာလတိုတောင်းခြင်း |
| သွင်းအားစုတတ်နိုင်မှု | ရှိ | လိုအပ်သော သွင်းအားစုများကို ဂယ်ယူရန် လယ်သမားများတွင် အရင်းအနှီး မလုံလောက်ပါ။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | စိုက်ပျိုးရာသီချိန်တွင်လုပ်သားလိုအပ်မှုတူသောကြောင့် လုပ်သားရှားပါးခြင်း၊ ရွှေမှော်၊ ကျောက်မှော်များသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသောကြောင့် လုပ်သားရှားခြင်း၊ လုပ်သားမရသောကြောင့် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် နောက်ကျပါသည်။ |
| စိုက်ပျိုးရေရရှိမှု | ရှိ | မြေအောက်ရေရနိုင်သော်လည်း လယ်သမားများမှာ အသေးစားဆည်၊ ရေစုပ်စက်ငယ်နှင့် ရေတွင်းတူးခြင်း တို့ပြုလုပ်နိုင်ရန်အတွက် အရင်းအနှီးမတတ်နိုင် |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | စပါး ဖျက်ပိုးနှင့်ရောဂါ ကျရောက်တတ်သည် |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | သီးနှံတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်သည့် နည်းပညာဝန်ဆောင်မှုများမရှိခြင်း |
| ဈေးကွက်လက်လှမ်းမီှမှု | ရှိ | ဈေးနှုန်းမတည်ငြိမ်ခြင်း၊ သီးနှံဈေးကွက် အတက်အကျ ဖြစ်ခြင်း၊ ပွဲစားများမှ ဖြတ်သည့် ဈေးနှင့်သာ ရောင်းရပါသည်။ ဈေးနှုန်း အာမခံသော ခိုင်မာသော သီးနှံဈေးကွက်မရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

စိုက်ပျိုးရေးဖြစ်ထွန်းခြင်းကို အဓိကအဟန့်အတားဖြစ်စေသော အကြောင်းများမှာ ချေးငွေ အချိန်မီမရခြင်း၊ လုံလောက်အောင်မရခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းနှင့် ဈေးနှုန်း မတည်ငြိမ် ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၂.၂.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

### ၂.၂.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၀ | ၅၄ကောင် ( လယ်/ယာ တွင် ထွန်၊ထယ်ရာတွင် အသုံးပြုသည်။) |
| မြင်း | ၃ | ၃ကောင် (အလှူလှည့်ချိန် အငှားလိုက်) |
| ကျွဲ | ၆ | ၄၀ကောင် (လယ်ယာ လုပ်ငန်း ထွန်၊ထယ်ရာတွင် အသုံးပြုသည်။) |
| ဝက် | ၂၆ | |
| ကြက် | ၃၀ | |
| ဘဲ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ။ ကျွဲ၊ နွားများကို စီးပွားဖြစ်မွေးမြူနိုင်ရန် အရင်းအနှီးများလိုအပ်သည်။ ကချင်ပြည်နယ်တွင် ဝက်သားဈေးကွက်သည် ကျယ်ပြန့်မှုရှိသည်။ မန္တလေးနှင့် စစ်ကိုင်းမှ ဝက်ကို ကချင်ပြည်နယ်သို့ တင်ပို့ကြရသည်။ ယင်းမွေးမြူရေးလုပ်ငန်းနှစ်ရပ်သည် မိသားစုများ၏ ဒုတိယဝင်ငွေ တိုးတက်ရေးအတွက် ကောင်းမွန်သော လုပ်ငန်းများဖြစ်သည်။

### ၂.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) ကျေးရွာ၏မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | သစ်တောကြိုးဝိုင်းနှင့် ရိတ်သိမ်းပြီးလယ်ကွက်များတွင် လွှတ်ကျောင်းနိုင်သည်။ |
| ရေရရှိမှု | တိရိစ္ဆာန်သောက်ရေ မခက်ခဲပါ။ |
| တိရိစ္ဆာန်မျိုး | ဝက်မျိုးကောင်းများကို ဒေသတွင်း ရှာဖွေဝယ်ယူနိုင် ခြင်း |
| သွင်းအားစုဈေးကွက် | ဖွဲ့၊စားကွဲနှင့် ဆေးဝါးများလိုသလောက်ဝယ်ယူနိုင်ခြင်း |
| ဝန်ဆောင်မှုဈေးကွက် | ဖွံ့ဖြိုးရန်လိုအပ်နေသေးခြင်း |
| ထုတ်ကုန်ရောင်းဝယ်မှု | ကြက်၊ ဝက် များကို ပွဲစားများကျေးရွာအရောက်ဝယ်ယူကြသည် |
| အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု | အိမ်ခြံဝင်းအတွင်း မိသားစုတစ်ပိုင်တနိုင် မွေးမြူရေး ကောင်းစွာဆောင်ရွက်နိုင်သည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

ရေမြေရာသီဥတုနှင့် သဘာဝပေါက်ပင်များသည် တိရိစ္ဆာန်မွေးမြူရေးအတွက် သင့်တော်သည့်အပြင် သီးနှံဘေးထွက်များဖြစ်သော ကောက်ရိုး၊ ဖွဲ့၊ ဆန်ကွဲများ ပေါများစွာရှိပါသည်။ မွေးမြူရေးလုပ်ရန် အိမ်ခြံဝင်းကျယ်ဝန်းသည်။ ကချင်ပြည်နယ်၏ ကြက်၊ ဝက်၊ အသားလိုအပ်ချက်များကို အခြားဒေသများမှ တင်ပို့နေရသည်။

### ၂.၂.၃ မွေးမြူရေး နှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့်စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမှီမှု | မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ရေးအတွက်ထိရောက်လွယ်ကူ သည့်ချေးငွေဝန်ဆောင်မှုမရှိခြင်း |

| ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ကူးစက်ရောဂါဖြစ်ပွားမှု | မိုးဦးကျနှင့်ဆောင်းရာသီတို့တွင် နွားခွါနာ၊ လျှာနာရောဂါများ ဖြစ်ပွားမှုရှိ |
| မွေးမြူရေးအသိပညာဗဟုသုတ | မွေးမြူရေးတိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းပညာများကို ဖြန့်ဝေသည့် အဖွဲ့အစည်းမရှိသေးခြင်း |
| သွင်းအားစုဈေးကွက် | နွားမျိုးကောင်းမျိုးသန့်များ ရရှိရန် လွယ်ကူမှုမရှိပါ။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၉-၂၁ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

ဒေသနွားမျိုးမှာအသား၊ နို့ထွက်ရှိမှုညံ့သည်။ အရင်းအနှီးအတွက် ချေးငွေလိုအပ်မှု များခြင်း၊ မွေးမြူရေးနည်းပညာနှင့် ဝန်ဆောင်မှုအားနည်းခြင်းနှင့် ရောဂါဖြစ်ပွားမှုတို့သည် အသား၊ငါး ထုတ်လုပ်ရေးကို ထိခိုက်စေပါသည်။

## ၂.၃.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

### ၂.၃.၃.၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

## ၂.၃.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
